
စိတ်ကူးချိုချိုအနုပညာ
mgyoe.com

ကလေးများအတွက်

# စိတ်ဝင်စားဖွယ်ညာဏ်စွမ်းဖြင့်
# တစ်မိနစ်အတွင်း

# အမှုဖော်

ကြည်ကြည်မာ–မြန်မာပြန်



mgyoe.com

mgyoe.com



ကလေးများ၏ စဉ်းစားဉာဏ် ထက်သန်ရေးအတွက်
စိတ်ဝင်စားဖွယ် စုံထောက်ဇာတ်လမ်းလေးများဖြင့်
အဖြေရှာ လေ့ကျင့်ကစားနိုင်သော စာအုပ်။
အပြိုင်အဆိုင်လည်း အဖြေမှန် အမြန်ရှာနိုင်ပြီး
အဖြေများကို သီးခြားဖော်ပြပေးထားပါသည်။

E00021
1,500.00 KS

mgyoe.com

mgyoe.com

စိတ်ဝင်စားဖွယ်ဉာဏ်စွမ်းဖြင့်တစ်မိနစ်အတွင်းအမှုဖော်၊ ကြည်ကြည်မာ
စာမျက်နှာ ၁၀၀ မျက်နှာ၊ ၁၂•၈စင်တီ× ၁၈•၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ နိုဝင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၉၅ ကြည်ကြည်မာစာပေ၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၁၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com




မှုခင်း - ၁

## သူလျှိုနှစ်ယောက်

တနင်္ဂနွေနေ့ တစ်နေ့မှာ စီးပွားရေးသူလျှို A နဲ့ B ဟာ သုတေသနအခန်းထဲကို ရှေ့ဆင့်နောက်ဆင့် ဝင်လာတယ်။ နောက်မှ ရောက်လာတဲ့ သူလျှိုက အာမခံသေတ္တာထဲ ဘာမှမရှိတော့တာ တွေ့ရတယ်။ "ဟာ...နောက်ကျသွားပြီ" နောင်တရစွာနဲ့ ပြောတယ်။

သူတို့နှစ်ဦးစလုံးဟာ ပြတင်းပေါက်တစ်ခုတည်းက ဝင်လာတဲ့အတွက် လျှို့ဝှက်တပ်ဆင်ထားတဲ့ ရုပ်ဖမ်းစက်က သူတို့နှစ်ဦး အခန်းထဲဝင်တဲ့ အခြေအနေကို ရိုက်ယူထားလိုက်တယ်။

ဒါဖြင့်ရင် အရင်ဝင်လာတဲ့ သူလျှိုဟာ A လား၊ B လား။

(အဖြေကို နောက်ဆက်တွဲတွင်ကြည့်ပါ)

mgyoe.com

mgyoe.com

မှုခင်း - ၂

## အဖိုးတန် တံဆိပ်ခေါင်းကို ဘယ်မှာဝှက်ထားသလဲ

တံဆိပ်ခေါင်းပြခန်းထဲ ပြထားတဲ့ ဂျပန်ယန်းငွေသိန်း ၃၀၀ တန် ကမ္ဘာ့ရှားပါးတံဆိပ်ခေါင်းတစ်လုံး အခိုးခံရတယ်။

တရားခံဟာ တံဆိပ်ခေါင်းကို ခိုးပြီးတာနဲ့ အနီးရှိ တိုက်ကြီးတစ်လုံးထဲက အခန်းတစ်ခန်းထဲ ဝင်ပြေးတယ်။ ရဲများ ချက်ချင်းလိုက်လာတယ်။

"ခိုးလာတဲ့ တံဆိပ်ခေါင်း ထုတ်ပေး" ရဲက လက်ထဲကပစ္စတိုကို ယမ်းပြီး အမိန့်ပေးတယ်။

"ဟင်း…ခင်ဗျားတို့ ရှာချင်သလိုရှာလေ" တရားခံက အရှက်မရှိ ဖြေတယ်။

ဒါနဲ့ ရဲက တရားခံကို လက်ထိတ်ခတ်လိုက်တယ်။ တရားခံကိုယ်ပေါ်ကို ရှာတယ်။ တံဆိပ်ခေါင်းကို မတွေ့ဘူး။ အင်္ကျီတို့၊ ခြေအိတ်တို့၊

mgyoe.com

ဖိနပ်တို့ကိုချွတ်ပြီး သေချာရှာတယ်။ ဒါလည်း မတွေ့ဘူး။

အဲဒီအခန်းထဲမှာက စတီးရုံးစားပွဲတစ်လုံးနဲ့ မြေစိုက်ပန်ကာတစ်လုံးသာ ရှိတယ်။ ဒါတွေမှအပ အိမ်ခန်းအလွတ်အတိုင်းပဲ။ ပန်ကာလည်နေတယ်။ ရုံးစားပွဲတော့ မပြောနဲ့တော့။ ကြမ်းခင်း၊ မျက်နှာကြက်တွေ အားလုံးကို အသေအချာ ရှာပြီးပြီ။ ဘာမှမတွေ့ဘူး။

"ဟော့.... မင်း ဘယ်မှာဝှက်ထားသလဲ"

ရဲက ဘယ်လိုမေးမေး တရားခံက သရော်ရယ် ရယ်နေတယ်။ မဖြေဘူး။

တံဆိပ်ခေါင်းဟာ အလွန်တန်ဖိုးကြီးတဲ့အတွက် ပြတင်းပေါက်ကနေ အပြင်ကို လွှင့်ပစ်တာ မဖြစ်နိုင်ဘူး။ အနီးအနား တစ်နေရာရာမှာ ဝှက်ထားတာ ဖြစ်လိမ့်မယ်။ သေချာအောင် ရဲက လည်နေတဲ့ပန်ကာကို ရွှေ့ကြည့်တယ်။ ပန်ကာအောက်ကို စစ်ဆေးကြည့်တယ်။ ဒါလည်း တံဆိပ်ခေါင်းကို မတွေ့ဘူး။

ရဲက စိတ်ပျက် လက်မှိုင်ချတော့မယ့် အချိန်မှာ ပုဂ္ဂလိကစုံထောက် ဒန်းအိုရီး ရောက်လာတယ်။ သူဟာ အခိုးခံရတဲ့ တံဆိပ်ခေါင်းပိုင်ရှင်က ဖိတ်ခေါ်လို့ လာရောက်စုံစမ်းတာ။ သူက အခန်းကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး...

"ရဲမျက်စိကို ဘယ်မှာအသုံးချရမလဲ။ တံဆိပ်ခေါင်းက မျက်စိရှေ့မှာပဲဟာ" လို့ပြောပြီး တံဆိပ်ခေါင်းရှိရာကို ညွှန်ပြလိုက်တယ်။


ဒါဖြင့်ရင် တံဆိပ်ခေါင်းကို ဘယ်မှာဝှက်ထားသလဲ။

(အဖြေကို နောက်ဆက်တွဲတွင်ကြည့်ပါ)

❐

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

ပုစ္ဆာ - ၃

## ဘယ်ဟာ တရားခံလဲ

တနင်္ဂနွေနေ့မှာ ခြောက်တန်းကျောင်းသားလေး တာရိုဟာ လမ်းလျှောက်ဖို့ ထွက်လာတယ်။ ယောကျ်ားနှစ်ယောက်ဟာ ပခုံးချင်းယှဉ်ပြီး သူ့ရှေ့က လျှောက်သွားတယ်။ သေချာကြည့်လိုက်တော့ အဲဒီယောကျ်ားနှစ်ယောက်ဟာ လက်တစ်ဖက်ချင်း လက်ထိတ်နဲ့ တွဲခတ်ထားတာ တွေ့ရတယ်။ မာဖီရဲက တရားခံကိုဖမ်းပြီး ရဲစခန်းကို ခေါ်သွားတာနဲ့တူတယ်။

"ဘယ်ဟာ မာဖီရဲလဲ။ ဘယ်ဟာက တရားခံလဲ" ကျောင်းသားလေးဟာ ခေါင်းစောင်းပြီး တွေးကြည့်တယ်။ သင်ကော သိရဲ့လား။

(အဖြေကို နောက်ဆက်တွဲတွင်ကြည့်ပါ)



mgyoe.com

mgyoe.com




①



②

mgyoe.com

mgyoe.com




ပုစ္ဆာ - ၄

## ချောမောတဲ့သူလျှိုမ

ချောမောလှပ ဆွဲဆောင်အားရှိတဲ့ သူလျှိုမဟာ မှန်ကြီးနှစ်ချပ်ကြားမှာရပ်ပြီး စိတ်ကြိုက်ဟန်ပန် ပုံအမျိုးမျိုး လုပ်ကြည့်နေတယ်။


ဒါဖြင့်ရင် မှန် A ပေါ်မှာ ပေါ်တဲ့အရုပ်ဟာ ပုံ (1) နဲ့ (2) ဘယ်ဟာ မှန်ကန်သလဲ။

(အဖြေကို နောက်ဆက်တွဲတွင်ကြည့်ပါ)

❒

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

မှုခင်း - ၅

## သူခိုးက သူခိုးလို့အော်တဲ့ အထောက်အထား

ဆီးနှင်းဖြူဖွေးဖွေးတွေကျပြီး အေးချမ်းတဲ့ နေ့လယ်ခင်းမှာ သူဌေးကြီးတစ်ဦးဟာ ၎င်းရဲ့ ငယ်ရွယ်တဲ့မယားဆီကို ရောက်လာတယ်။ အိမ်ထဲဝင်လိုက်တာနဲ့ လန့်သွားတယ်။ မိန်းကလေးဟာ လက်နဲ့ခြေတွေ ကြိုးနဲ့တုပ်ထားခံရပြီး ခုတင်ပေါ်မှာ ခုတင်နဲ့တွဲပြီး ကြိုးနဲ့ချည်ထားခံနေရတယ်။

"ဘယ်လိုဖြစ်တာလဲ"

သူဌေးကြီးက မိန်းကလေးကို ကြိုးဖြေပေးရင်း မေးတယ်။

"မနေ့ညက ဆယ်နာရီလောက်မှာ မျက်နှာဖုံးစွပ်ထားတဲ့ လူဆိုးတစ်ယောက် ဝင်လာပြီး ကျွန်မကို ကြိုးနဲ့ချည်တယ်။ ရှင် ကျွန်မဆီမှာ အပ်ထားတဲ့နာမည်အတုနဲ့ ဘဏ်လက်မှတ်ကို လုယူသွားတယ်" သူမဟာ ငိုယိုပြီး ပြောပြတယ်။

ဒါပေမဲ့ သူဌေးကြီးဟာ အခန်းကို ဝေ့ကြည့်လိုက်ပြီး ရုတ်တရက်

mgyoe.com

mgyoe.com


တစ်ခုခုကို သတိပြုလိုက်မိတယ်။ သူမ လိမ်တာပဲလို့ သိလိုက်တယ်။

"ဒါ ကျူပ် ဒီမလာခင်ကလေးမှာ မင်းဟာမင်း ခြေလက်တွေ ကြိုးနဲ့တုပ်ပြီး ဓားပြလာတယ်လို့ လိမ်တာ။ မင်း လိမ်ယူထားတဲ့ငွေကို အသာတကြည် ထုတ်ပေးရင် ကောင်းမယ်"

သူဌေးကြီးဟာ မိန်းကလေး ကလိမ်ဉာဏ်ဆင်တာကို သိသွားတယ်။

(အဖြေကို နောက်ဆက်တွဲတွင်ကြည့်ပါ)

❐

mgyoe.com

mgyoe.com

ပုစ္ဆာ - ၆

## အံ့သြစရာ ခြေရာ

လူသတ်သမားဟာ လူထွားကြီးတစ်ယောက် ဖြစ်တယ်။ သူဟာ ၃၃ စင်တီမီတာ ဖိနပ်ကြိုးကိုစီးတဲ့ ခြေထောက်ကြီး ယောကျ်ားတစ်ယောက်ပါပဲ။

အဲဒီလူသတ်သမားဟာ ၂၅ စင်တီမီတာ ဒေါက်မြင့်ဖိနပ်ကိုဝတ်တဲ့ မိန်းမတစ်ယောက်ကို ဥယျာဉ်တစ်ခုထဲမှာ သတ်လိုက်တယ်။ ခြေရာမကျန်ရစ်အောင် သူဟာ အသတ်ခံရသူရဲ့ဒေါက်မြင့်ဖိနပ်ကိုစီးပြီး ဥယျာဉ်အပြင်ဘက်ကို ထွက်တယ်။ အပြင်ရောက်မှ ကားနဲ့ထွက်ပြေးတယ်။

သို့ပေမဲ့ သူ့ခြေထောက် အကြီးကြီးဟာ ဘယ်လိုလုပ်ပြီး ရုတ်တရက် သေးသွားမလဲ။ သူဟာ ဒေါက်မြင့်ဖိနပ်လေးကို ဘယ်လိုစီးသွားမလဲ။

(အဖြေကို နောက်ဆက်တွဲတွင်ကြည့်ပါ)

❐

mgyoe.com

mgyoe.com

မှုခင်း - ၇

## ခြသေ့်ရဲ့အပြုံး

ဆပ်ကပ်အဖွဲ့က ခြသေ့်မယ်တစ်ယောက်ဟာ ပရိသတ်ကို ခြသေ့် လိမ္မာပြသနေတုန်းမှာ ခေါင်းကို ခြသေ့်ကိုက်ဖြတ်လို့ သေဆုံးသွားတယ်။

ဒီခြသေ့်ဟာ သူမကိုယ်တိုင် တစ်လျှောက်လုံး လိမ္မာအောင် လေ့ကျင့်ထားတာ ဖြစ်တယ်။ ဒီအရင်ကဆိုရင် သူမဟာ အကြိမ်ရာနှင့်ချီပြီး ဒီခြသေ့်ရဲ့ ပါးစပ်ကြီးထဲကို ခေါင်းလျှိုပြီး ပြသခဲ့တယ်။ ဘယ်တုန်းကမှ မအောင်မြင်တာ မရှိဘူး။ ဒါပေမဲ့ အဲဒီနေ့မှာတော့ သူမဟာ ခေါင်းကို ခြသေ့်ပါးစပ်ထဲ လျှိုဝင်လိုက်တဲ့ အခါမှာတော့ ခြသေ့်ဟာ ပြုံးသလို အမူအရာပေါ်လာပြီး ရုတ်တရက် ခြသေ့်မယ်ရဲ့ခေါင်းကို ကိုက်ပစ်လိုက်တယ်။

ပြပွဲမစမီမှာ ခြသေ့်ကို အသားလုံလောက်စွာ ကျွေးပြီးပြီ။ လုံးဝ မဆာနိုင်ဘူး။ ပြီးတော့ မိတ်လိုက်ချိန် ဒေါသထွက်တဲ့ လက္ခဏာလည်း

mgyoe.com

mgyoe.com


မရှိဘူး။ တိရစ္ဆာန်တို့မှာရှိတဲ့ ဆိုးဝါးပြီး တည်ငြိမ်မှုမရှိတဲ့ သဘောကြောင့်လား။

ဒီထက် နားမလည်နိုင်တာကတော့ ခြသေ့်ရဲ့အပြုံးပါပဲ။ အဲဒီကြောက်စရာကောင်းတဲ့ အပြုံးဟာ ဘာသဘောဆောင်နေပါသလဲ။

(အဖြေကို နောက်ဆက်တွဲတွင်ကြည့်ပါ)

❐

mgyoe.com

mgyoe.com

မှုခင်း - ၈


# ပျောက်ဆုံးသွားသော လူသတ်လက်နက်

နေ့တစ်နေ့မှာ ကုမ္ပဏီမန်နေဂျာဟာ ၎င်းရဲ့ရုံးခန်းထဲမှာ နေ့လယ်နေ့ခင်း အိပ်စက်နားနေတယ်။ ကြေးစားလူသတ်သမား တစ်ယောက်ဟာ ၎င်းရုံးခန်းထဲကို ဝင်လာပြီး ကုမ္ပဏီပိုင်ရှင်ကို သတ်သွားတယ်။ စင်တီမီတာ ၃၀ လောက်ရှည်တဲ့ တုတ်လိုဟာမျိုးနဲ့ ခေါင်းကိုရိုက်သတ်လို့ သေတဲ့ပုံပဲ။

လူသတ်သမားဟာ အပြင်ကို ပြန်ထွက်မယ်အလုပ်မှာ ကံမကောင်းစွာဘဲ လုံခြုံရေးအစောင့်ရောက်လာပြီး သူ့ကို နေရာတွင် ဖမ်းဆီးလိုက်တယ်။ အံ့သြစရာကောင်းတာက လူသတ်သမားကို တစ်ကိုယ်လုံး ရှာဖွေပေမဲ့ လူသတ်လက်နက်ကို မတွေ့ဘူး။ အိမ်ထဲရော၊ ကုမ္ပဏီပိုင်ရှင်ကိုယ်ပေါ်ရော ရှာဖွေပြီးပြီ။ တုတ်လိုအရာဝတ္ထုမျိုးကို မတွေ့ရဘူး။ ပြီးတော့ ရုံးခန်းမှာ ပြတင်းပေါက်မရှိဘူး။ ဒါကြောင့် ပြတင်းအပြင်ကို လွှင့်ပစ်လို့လည်း မရဘူး။

mgyoe.com

mgyoe.com

ဒါဖြင့်ရင် လူသတ်သမားဟာ ဘယ်လိုလူသတ်လက်နက်ကို အသုံးပြုပါသလဲ။ ပြီးတော့ လက်နက်ကို ဘယ်မှာဝှက်ထားပါသလဲ။

(အဖြေကို နောက်ဆက်တွဲတွင်ကြည့်ပါ)

□

mgyoe.com

mgyoe.com

ပုစ္ဆာ - ၉

## လှန်လှောထားတဲ့ အံဆွဲ


နေ့တစ်နေ့မှာ ပုဂ္ဂလိကစုံထောက်တစ်ဦးဟာ ခရီးသွားပြီး အိမ်ကို ပြန်လာတယ်။ အိမ်ထဲကို ဝင်လိုက်တာနဲ့ အံ့အားသင့်သွားတယ်။ သူ့အိမ်ခန်းထဲမှာ လှန်လှောထားတာ ရှုပ်ပွနေတာပဲ။ သူအိမ်မှာ မရှိတုန်းက သူခိုးဝင်ပြီထင်တယ်။ တန်ဖိုးရှိတဲ့ပစ္စည်းတွေ ပါမသွားလို့ တော်သေးတယ်။ အင်္ကျီထည့်ဗီရို(ပုံပါအတိုင်း)ထဲက အံဆွဲအားလုံးကို ဖွင့်ပြီး ရှာသွားတယ်။

"ဘာပဲဖြစ်ဖြစ်၊ ဒီသူခိုးရဲ့ပုံက အလွန်ကျွမ်းကျင်တယ်။ အင်္ကျီထည့်တဲ့ အံဆွဲအားလုံးကို ဖွင့်ရှာသွားတယ်။ ဒါ ဝါရင့်သူခိုးပဲ" လို့ ပုဂ္ဂလိကစုံထောက်က ချီးမွမ်းတယ်။

ဒါဖြင့်ရင် သူခိုးဟာ (1) နဲ့ (2) ဘယ်အစီအစဉ်အရ အံဆွဲကို ဖွင့်တာလဲ။

mgyoe.com

mgyoe.com

(၁) အထက်ကနေအောက် အစဉ်လိုက်ဖွင့်တယ်။

(၂) အောက်ကနေ အထက် အစဉ်လိုက်ဖွင့်တယ်။

မရှင်းသေးသူရှိရင် ကိုယ့်အိမ်က အံဆွဲဗီရိုကိုဖွင့်ပြီး လက်တွေ့စမ်းသပ်ကြည့်ပါ။

(အဖြေကို နောက်ဆက်တွဲတွင်ကြည့်ပါ)

□

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

မှုခင်း - ၁၀

## သစ်ပင်ပေါ်က လိမ့်ကျတဲ့သူ

တစ်နံနက်ခင်းမှာ ခြံဝင်းစည်းရိုး အပြင်ဘက်ရှိ သစ်ပင်ကြီးတစ်ပင်အောက်မှာ ယောကျ်ားတစ်ယောက် လဲနေတယ်။ လူက သေနေပြီ။ သစ်ပင်ခြေရင်းမှာ ကောက်ရိုးဖိနပ်တစ်ရန် ချထားတယ်။

ဖိနပ်မပါတဲ့ ခြေဖဝါးနှစ်ဖက်စလုံးမှာ ခြေဖျားကနေ ဖနောင့်အထိ ရှရာတွေရှိတယ်။ သွေးတောင် စိမ့်ထွက်နေတယ်။

"ဒီသစ်ပင်ပေါ်တက်ပြီး ခြံထဲဝင်ချင်တယ် ထင်တယ်။ ခြေချော်ပြီး သစ်ပင်ပေါ်က လိမ့်ကျသေတယ်ထင်ပါရဲ့။ တကယ့်ကို ညံ့တဲ့သူခိုး" ရဲ A က ဒီလိုပြောတယ်။

"မဟုတ်ဘူး။ ဒီလူဟာ သစ်ပင်ပေါ်က ခြေချော်ကျလာတာ မဟုတ်ဘူး။ တစ်ယောက်ယောက်က သူ့ကိုသတ်ပြီး သစ်ပင်ပေါ်က ချော်ကျသလို ဖန်တီးထားတာ" အတွေ့အကြုံ ရင့်ကျက်တဲ့ ရဲအုပ်က

mgyoe.com

mgyoe.com


လူသတ်ပြီး အယောင်ဆောင် ခင်းကျင်းထားတာကို ချက်ချင်း မြင်တွေ့သွားတယ်။


ဒါဖြင့်ရင် အထောက်အထားက ဘာလဲ။

(အဖြေကို နောက်ဆက်တွဲတွင်ကြည့်ပါ)

❐

mgyoe.com

mgyoe.com



မှုခင်း - ၁၁

## ဟိုတယ်တွင် အခိုးခံရမှု

A ဟာ ကုမ္ပဏီလုပ်သားဆိုတဲ့ နာမည်တပ်ထားပေမဲ့ စင်စစ်မှာ သူလျှိုတစ်ယောက်ဖြစ်တယ်။ သူ နိုင်ငံခြားကို လုပ်ငန်းကိစ္စနဲ့ သွားရတိုင်းမှာ ရောက်တဲ့နိုင်ငံရဲ့ စစ်ရေးအဆောက်အအုံနဲ့ တပ်ဆင်မှုတွေကို တိတ်တိတ် ထောက်လှမ်းတယ်။

အခု ဒီအမှုဟာ သူ S နိုင်ငံကို သွားတုန်းက ဖြစ်တာ။ A ဟာ ဟိုတယ်မှာ တည်းခိုစဉ် တစ်ကြိမ်မှာ ထမင်းထွက်စားတယ်။ နှစ်နာရီအကြာမှာ အခန်းကို ပြန်ရောက်လာတယ်။ ရောက်ရောက်ချင်း မသိသေးဘူး။ နောင်မှ အရေးကြီး အရာဝတ္ထုတစ်ခု အခိုးခံရမှန်းသိတယ်။

"ငါ အပြင်ထွက်တုန်းက အခန်းတံခါး သေချာသော့ခတ်ခဲ့တာပဲ။ ဒါ ဒီနိုင်ငံက လျှို့ဝှက်ရဲ လက်ချက်ပဲဖြစ်မယ်" A က စိတ်ပျက်စွာ ပြောတယ်။

mgyoe.com

mgyoe.com


သူ့ အခန်းက မထွက်ခင်နဲ့ အခန်းကို ပြန်လာစဉ် အခန်းတွင်း အခြေအနေမှာ ပုံပါအတိုင်း ဖြစ်တယ်။

ဘယ်အရာဝတ္ထု အခိုးခံရသလဲ။ ပုံနှစ်ပုံကို သေချာနှိုင်းယှဉ်ပြီး အကျိုးအကြောင်း ဆီလျော်အောင် အဖြေရှာပါ။

(အဖြေကို နောက်ဆက်တွဲတွင်ကြည့်ပါ)

❐

mgyoe.com

mgyoe.com

မှုခင်း - ၁၂

## " S " က တရားခံကို ဖော်တယ်


ဘော်ဒါဆောင်တစ်ခုရဲ့ ပထမထပ် အခန်းနံပါတ် ၁၀ မှာ လူလွတ်အမျိုးသမီးတစ်ယောက် အသတ်ခံရတယ်။ အပတ်စဉ်ဂျာနယ်ပေါ်က အလျားလိုက်နဲ့ ဒေါင်လိုက်စာလုံး ပဟေဠိကို ဖော်နေတုန်း အသတ်ခံရပုံပဲ။ သေတုန်းက ယာလက်ထဲမှာ ခဲတံနီပြာတံတစ်ချောင်း ကိုင်ထားတယ်။ ပြီးတော့ အဲဒီနီပြာခဲတံနဲ့ ကြမ်းပေါ်မှာ S နဲ့တူတဲ့စာလုံး ရေးထားခဲ့တယ်။ သေခါနီးမှာ တရားခံရဲ့သဲလွန်စတစ်ခုခုကို ရေးထားခဲ့တာနဲ့တူတယ်။ စုံစမ်းစစ်ဆေးပြီးနောက် ပထမထပ်မှာ အတူနေတဲ့ ကျန်အမျိုးသမီး ၄ ဦးကို မသင်္ကာသူအဖြစ် သတ်မှတ်ထားတယ်။

အမှုဖြစ်ပွားတဲ့နေရာကို ကြည့်ရှုလေ့လာတဲ့ ရဲက သေသူလက်ထဲက ကိုင်ထားတဲ့ နီပြာခဲတံ ခဲကျိုးနေတာကိုတွေ့တော့ သဘောပေါက်သွားတယ်။

mgyoe.com

mgyoe.com





"လက်စသတ်တော့ ဒီလိုကိုး။ သိပြီ။ တရားခံဟာ သူပဲ" ချက်ချင်း ကောက်ချက်ချလိုက်တယ်။

ဒါဖြင့်ရင် တရားခံအစစ်ဟာ ဘယ်အခန်းက ဘယ်သူလဲ။

(အဖြေကို နောက်ဆက်တွဲတွင်ကြည့်ပါ)

mgyoe.com

mgyoe.com

မှုခင်း - ၁၃

## ဟန်ဆောင်မှုကို ဖွင့်ချတဲ့အမှု

နွေတစ်ညရဲ့ ညဉ့်ဦးပိုင်းမှာ မန်နေဂျာ K ဟာ စာကြည့်ခန်းထဲမှာ သေနေတယ်။ သူ့ယာလက်မှာ ပစ္စတိုကို ကိုင်ထားတယ်။ ကျည်ဆန်တစ်တောင့်က ၎င်းရဲ့ခေါင်းကို ထိမှန်ထားတယ်။

စားပွဲပေါ်မှာ ပန်ကာတစ်လုံးနဲ့ သေတမ်းစာတစ်စောင် ရှိတယ်။ သေတမ်းစာထဲမှာ လုပ်ငန်းရှုံးနိမ့်သွားလို့ မိမိကိုယ်မိမိ သတ်သေရကြောင်း ရေးထားတယ်။

အဲယားကွန်းပျက်နေလို့ ထင်တယ်။ ပန်ကာဖွင့်သုံးနေတယ်။ ဒါပေမဲ့ ပန်ကာကြိုးဟာ နံရံပေါ်က ပလပ်ပေါက်ကနေ ဖြုတ်ထားတယ်။ မန်နေဂျာ K ထိုင်ခုံပေါ်ကနေ လဲကျစဉ် ခြေထောက်ကြိုးကိုထိမိပြီး ပြုတ်ထွက်လာတာ။ သေချာအောင် ပန်ကာရဲ့ပလပ်ကို ပလပ်ပေါက်မှာထိုးပြီး စမ်းကြည့်တော့ ပန်ကာဟာ ဖွင့်ထားတဲ့အတွက် ပန်ကာလည်လာတာ

mgyoe.com

mgyoe.com


တွေ့ရတယ်။

ရဲက တွေ့တာနဲ့ ချက်ချင်း ကောက်ချက်ချတယ်။

ဒါ ကိုယ့်ဘာသာ သတ်သေတာ မဟုတ်ဘူး။ သူများသတ်သွားတာ။ တရားခံဟာ မန်နေဂျာကို သတ်ပြီးနောက် သေတမ်းစာအတုကို စားပွဲပေါ်တင်ထားပြီး ထွက်ပြေးတာ"

ဒါဖြင့်ရင် အထောက်အထားက ဘာလဲ။

(အဖြေကို နောက်ဆက်တွဲတွင်ကြည့်ပါ)

❐

mgyoe.com

mgyoe.com

မှခင်း - ၁၄

## ထူးဆန်းတဲ့သူခိုးရဲ့ထူးဆန်းတဲ့ အာမခံသေတ္တာ

စပန့်ဟာ ကိုယ်တိုင်က သူခိုးတစ်ယောက်ဖြစ်တဲ့အတွက် ခိုးရာပါ ပစ္စည်းကို ဝှက်တဲ့အခါမှာ ဝှက်ဖို့နေရာကို အထူးဂရုစိုက် ရှာဖွေတယ်။ သူ့ကျောက်မျက်ရတနာတွေကို ထားစရာမရှိလို့ သူ့အိမ်ရှိ အိပ်ခန်းထဲက ပြတင်းပေါင်ပေါ်တင်ထားတဲ့ ပန်းအိုးရဲ့အောက်ပိုင်းမှာ ဝှက်ထားတယ်။ အာမခံသေတ္တာလို နေရာမျိုးမှာ ထည့်ထားရင် ပိုပြီးအခိုးခံရလိမ့်မယ်လို့ သူက ယုံကြည်တယ်။

ဒါပေမဲ့ အဲဒီနေ့ သူ အိမ်ကခွာပြီး ခရီးသွားတဲ့ အချိန်မှာ နာမည် ကျော်ကြားတဲ့ စုံထောက်ကြီး ရှားလော့ဟုမ်းစ်ဟာ တိတ်တိတ်လေး ဝင် လာတယ်။ ခိုးရာပါပစ္စည်းကို အခန်းတွင်း ဘယ်နေရာမှာ ဝှက်ထားသလဲ ဆိုတာ လာစုံစမ်းတယ်။ မမျှော်လင့်ဘဲ ပြတင်းပေါင်ပေါ် တင်ထားတဲ့ ပန်းအိုးတွေကို မြင်သွားတယ်။

mgyoe.com

mgyoe.com





"ဟား...ဟား...ဟား။ ဒီလိုကိုး။ ကျောက်မျက်ရတနာတွေကို ဒီမှာ ဝှက်ထားတာဖြစ်ရမယ်" ကျောက်မျက်ရတနာ ဝှက်ထားတဲ့ နေရာကို ချက်ချင်းတွေ့သွားတယ်။

ဒါဖြင့်ရင် ဘယ်ပန်းအိုးဖြစ်မလဲ။ ပုံကိုကြည့်ပြီး ကျိုးကြောင်းဆီလျော်အောင် အမှုဖော်ပါ။

(အဖြေကို နောက်ဆက်တွဲတွင်ကြည့်ပါ)

❐

mgyoe.com

mgyoe.com

မှုခင်း - ၁၅

## ကိုယ့်ဘာသာ သတ်သေပုံလုပ်ထားတဲ့
## အမှုရဲ့ သဲလွန်စ


ပိုက်ဆံချမ်းသာတဲ့ မုဆိုးမနဲ့ ယူတဲ့ယောက်ျားက ငွေမက်ပြီး မိန်းမကိုသတ်တယ်။ ကိုယ့်ဘာသာ ဆွဲကြိုးချသေတဲ့ပုံမျိုး ဖန်တီးထားပေးတယ်။


ကြိုးကွင်းထဲမှာ တန်းလန်းဖြစ်နေတဲ့ အလောင်းဟာ မြေကြီးနဲ့ ၄၀ စင်တီမီတာ ကွာဝေးတယ်။ မှန်တင်ခုံက ထိုင်ခုံဟာ အလောင်းရဲ့ ခြေထောက်အောက်မှာ လဲကျနေတယ်။ သားရေအုပ်ထားတဲ့ ထိုင်ခုံ အဝိုင်းလေး။

သေသူဟာ ခုံဝိုင်းလေးကို ကန်ပစ်ပြီး ဆွဲကြိုးချသေသွားတဲ့ ပုံမျိုးပဲ။ သို့ပေမဲ့ နောက်တစ်နေ့ အလောင်းကို တွေ့ရှိတဲ့အချိန်မှာ စစ်ဆေးကြည့်ရှုသူဟာ အဲဒီခုံဝိုင်းလေးကို စစ်ဆေးကြည့်ရှုပြီးတာနဲ့ ကိုယ့်ဘာသာ သတ်သေသယောင် တမင်ဟန်ဆောင်ပြတာကို သိသွားတယ်။

mgyoe.com

mgyoe.com



"ဒါ ကိုယ့်ဘာသာ သတ်သေတာ မဟုတ်ဘူး။ သူများ သတ်သွားတာ"

ဒါဖြင့်ရင် တရားခံက ဘာသဲလွန်စ ထားရစ်ခဲ့သလဲ။

ခုံဝိုင်းလေးရဲ့ အမြင့်က ၄၅ စင်တီမီတာရှိကြောင်း ဖော်ပြအပ်ပါတယ်။

(အဖြေကို နောက်ဆက်တွဲတွင်ကြည့်ပါ)

□

mgyoe.com

mgyoe.com

ပုစ္ဆာ - ၁၆

## နာမည်ကျော်ပန်းချီကား အခိုးခံရမှု

ညတစ်ညမှာ ဝါရင့်သူခိုးတစ်ယောက်ဟာ ပန်းချီပြခန်းထဲကို ခိုးဝင်ပြီး ပြခန်းမှာပြထားတဲ့ ဗန်ဂိုးရဲ့ မိမိကိုယ်မိမိ ဆွဲထားတဲ့ပုံကို ခိုးပြီး အခက်အခဲမရှိ ထွက်ပြေးသွားတယ်။ ဒီပန်းချီကားဟာ အဲဒီပြခန်းမှာ နာမည်အကျော်ကြားဆုံးနဲ့ တန်ဖိုးအရှိဆုံး ပန်းချီကားဖြစ်တယ်။

ဒါပေမဲ့ ပြခန်းက ဒီပန်းချီကား အခိုးခံရတာကို နှစ်ပတ်တိတိကြာပြီးမှ သိရှိတော့တယ်။ တကယ့်ကို ဂရုစိုက်မှု နည်းလွန်းတယ်။ ပြီးတော့ ဒီနှစ်ပတ်အတွင်းမှာ ပန်းချီပြခန်းဟာ တစ်ရက်မှ မပိတ်ဘူး။ ခါတိုင်းလိုပဲ ဖွင့်ထားတယ်။ လာရောက်ကြည့်ရှုသူတွေ အဆက်မပြတ်ရှိနေတယ်။

ဒါဖြင့်ရင် ဘာကြောင့် ဒီလောက်နောက်ကျမှ အဖိုးတန်ပန်းချီကား အခိုးခံရတာ သိတာလဲ။

(အဖြေကို နောက်ဆက်တွဲတွင်ကြည့်ပါ)

❐

mgyoe.com